ဝေငှချက် ငါး

## ခေတ်ကို ပြောင်းလဲစေရန် ကိုယ်တော်၏အောင်မြင်သောသူများဖြစ်သည့် ကိုယ်တော်၏ခေတ်ကာလဆိုင်ရာ အသုံးခံတန်ဆာဖြစ်ခြင်းငှာ ဘုရားသခင်၏ခေါ်သံကို အဖြေပေးခြင်း

ဖတ်ရန်ကျမ်း။ ။ ဒံ၊၁း၄–၉။ ၂း၁၇–၁၉။ ၄း၂၅–၂၆၊ ၃၂။ ၆း၁၀–၁၁။ ၉း၁–၄၊ ၂၃။ ၁၀း၁၁၊ ၁၉။ ၁၁း၃၂။ ၁၂း၃

**I. ဘုရားသခင်သည် ခေတ်ကာလဆိုင်ရာလှုပ်ရှားမှု၊ ခေတ်ကိုပြောင်းလဲစေသော လှုပ်ရှားမှုကို လုပ်ဆောင်လိုသောအခါ တိုင်း၊ ကိုယ်တော်သည် ခေတ်ကာလဆိုင်ရာ အသုံးခံတန်ဆာကို ရယူထားခြင်း ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ ထိုသို့ ခေတ်ကာလဆိုင်ရာအဖိုးထိုက်တန်မှု ရှိရမည်ဖြစ်သည် – ဗျာ၊၁၂း၅–၁၁။ ၁း၂၀။ ဒံ၊၁၂း၃။ မ၊၁၃း၄၃။**

က။ ကျွန်ုပ်တို့လုပ်ဆောင်နေသည့်အရာသည် လာမည့်ခေတ်ကို ဆောင်ယူလာမည့်အကြောင်း ကျွန်ုပ်တို့ ဆင်ခြင်ရန် လိုအပ်သည်။ ဤအချိန်သည် အထူးအချိန်ကာလဖြစ်သည်၊ သို့ဖြစ်၍ အထူးဖြစ်သောအလုပ်ကို လုပ်ဆောင်မည့် အထူးဖြစ်သော ခရစ်ယာန်များကို လိုအပ်နေသည် – ၁၆း၁၀။ ဗျာ၊၁၉း၇။ ၁ကော၊၁း၉။ ဗျာ၊၂း၄–၇။ ကော၊၁း၁၈။ ယော၊၁၇း၂၁။ ၁ကော၊၁၄း၄၈။ ဧ၊၄း၁၆။ ကော၊၂း၁၉။

ခ။ သခင်ဘုရားပြန်လည်ရယူခြင်း၏ အလေ့အလာကို ဒံယေလ (“ဘုရားသခင်သည် ငါ၏တရားသူကြီးဖြစ်သည်”)၊ ဟာနနိ (“ယာ *(Jah)* က ကျေးဇူးပြုပြီ” သို့မဟုတ် “ယာ၏စိတ်တော်နှင့်တွေ့ပြီ”)၊ မိရှေလ (“မည်သူသည် ဘုရားဖြစ်ခြင်းနှင့်တူသနည်း”)၊ အာဇရိ (“ယာသည် ကူညီမစပြီ”) တို့နှင့်အတူ တွေ့ရသည်။ “ဒံယေလနှင့် သူ၏အပေါင်းအဖော်များ”သည် စာတန်၏လှည့်ကွက်များကို အောင်နိုင်ခြင်း၌ ဘုရားသခင်နှင့် လုံးလုံး တစ်လုံးတစ်ဝ ဖြစ်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင့်လူမျိုးတော်၏ ဖမ်းဆီးသိမ်းသွားခံရခြင်းခေတ်မှ ဘုရားသခင်၏ထင်ရှားခြင်းနှင့် အခွင့်အာဏာအတွက် ဘုရားသခင့်အိမ်တော်နှင့် ဘုရားသခင့်မြို့တော်ကို တည်ဆောက်ခြင်းအတွက် ဧမာနွေလ၏မြေသို့ သူတို့လှည့်ပြန်လာခြင်း ခေတ်သို့ ပြောင်းလဲစေခဲ့ကြသည့်သူများဖြစ်သည် – ဒံ၊ ၂း၁၃၊ ၁၇။ ဟေရှာ၊၈း၈။ ညွှန်း၊ ဗျာ၊၁၇း၁၄။

၁။ ဘုရားသခင်၏အမြင်၌ အောင်မြင်သောသူသည် “အဖိုးထိုက်တန်သောလူ”၊ “ကိုယ်တိုင်အဖိုးထိုက်တန်ခြင်း”၊ ဘုရားသခင်က ခေတ်ကို ပြောင်းလဲစေရန် အသုံးပြုနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည် – ၁ပေ၊၂း၇။ ဒံ၊၉း၂၃။ ၁၀း၁၁၊ ၁၉။

၂။ တုန့်ပြန်ရာမဲ့သော အောင်မြင်သူဖြစ်သည့် ခရစ်တော်သည် အောင်မြင်သောသူများအားလုံး ပါဝင်သည်။ တုန့်ပြန်ရာမဲ့ အောင်မြင်သောသူသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏အောင်မြင်သောသူများဖြစ်စေရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေသည် – ယော၊၁၄း၃၀။ ဒံ၊ ၂း၃၄–၃၅။ ဗျာ၊၁၉း၇–၂၁။ ၁ယော၊၅း၄၊ ၁၈–၁၉။ ဗျာ၊၃း၂၁။

ဂ။ သခင်ဘုရားသည် ဘုရားသခင်၏ထင်ရှားခြင်းနှင့် အခွင့်အာဏာကို ပြန်လည်ရယူခြင်းအတွက် ခေတ်ကိုပြောင်းလဲစေမည့်လူများကို နိုးထစေရန် လိုအပ်နေသည်။ ကျဆင်းသွားသော လူသားမျိုးနွယ်အလယ်၌ ဘုရားသခင်၏ထင်ရှားခြင်းသည် ဖြိုဖျက်ခံနေရပြီး၊ ကိုယ်တော်၏အခွင့်အာဏာသည် ငြင်းပယ်ခြင်း ခံရနေသည်။ ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် ဘုရားသခင်အား သူတို့မှတစ်ဆင့် ထင်ရှားရန် အမှန်ပင် အခွင့်ပေးခဲ့ကြပြီး၊ ဘုရားသခင်၏ အခွင့်အာဏာအောက်တွင် အမှန်ပင် ရှိခဲ့ကြသည် – က၊၁း၂၆။ ဒံ၊၃း၁၄–၃၀။ ၄း၁၇၊ ၂၆။ ဗျာ၊၂၂း၁–၂။

**II. ဒံယေလတွင် သူနှင့်အတူ ဘုရားသခင်ထံသို့ လုံးလုံးဆက်ကပ်အပ်နှံကြခြင်းရှိကာ၊ စာတန်နောက်လိုက်နေသည့် ခေတ်မှ ဘုရားသခင့်ထံတော်သို့ ခွဲခြားခံရမည့် အပေါင်းအဖော်များ ရှိသည် – ဒံ၊၁း၄–ဂ။ ၅း၁၂၊ ၂၂။ ၆း၁၀။**

က။ ခေတ်ကို ပြောင်းလဲစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခြင်းခံရသည့်သူ အားလုံးသည် နာဇရိလူဖြစ်ရမည် – ဘုရားသခင်ထံသို့ လုံးလုံးနှင့် အဆုံးစွန် သန့်ရှင်းစင်ကြယ်ခံရသည့် မိမိဆန္ဒအလျောက် ဆက်ကပ်အပ်နှံသူများဖြစ်ရမည်ဖြစ်သည် – တောရင်း၊၆း၁–ဂ၊ ၂၂–၂၇။ ဆာ၊၁၁၀း၃။ လု၊၉း၆၂။ ဖိ၊၃း၁၃–၁၄။

ခ။ ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် အလွန် ငယ်ရွယ်နေကြဆဲဖြစ်သော်လည်း၊ သူတို့သည် ဆန့်ကျင်–သက်သေခံချက်အဖြစ် ရပ်တည်ခဲ့ကြသည်၊ ထိုနည်းလမ်းအတိုင်းပင် အန္တိပသည် ပေရဂံမြို့၌ရှိသော အသင်းတော်တွင် ပြုခဲ့သည် – ဗျာ၊ ၂း၁၃။

**III. ဒံယေလသည် မိမိကိုယ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်၏ အလိုဆန္ဒသို့ ပေါင်းစည်းဆက်နွယ်ခဲ့သည် – ဒံ၊၉း၁–၄။ တရား၊၁၇း၁၈–၂၀။ ၂တိ၊၃း၁၆–၁၇။ ဧ၊၆း၁၇–၁၈။ ဆာ၊၁၁၉း၁၁၊ ၂၄။**

က။ ဒံယေလသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အချိန်မှန်မှန် ဖတ်သောသူဖြစ်ရုံသာမက၊ ဘုရားသခင်၏နှုတ်ကပတ်တော်သို့ ပေါင်းစည်းဆက်နွယ်သည့် ပုဂ္ဂိုလ်လည်းဖြစ်သည်။

၁။ ဒံယေလသည် ယေရမိစာစောင်ထဲမှ ဘုရားသခင်က အစ္စရေးလူမျိုးအတွက် ဖမ်းဆီးသိမ်းသွားခံရခြင်း နှစ်ပေါင်းခုနစ်ဆယ်ကို စီမံထားခဲ့ပြီး၊ ထိုနှစ်ပေါင်းခုနစ်ဆယ်ပြီးနောက် ဘုရားသခင်က သူတို့ကို ကောင်းချီးပေးရန် တစ်ဖန် ပြန်လှည့်လာ

မည့်အကြောင်းကို ဖတ်ရှုရသောအခါ၊ သူသည် ချက်ချင်းပင် အစာရှောင်၍ ဆုတောင်းခဲ့လေသည်။ သူသည် နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်၏ အလိုဆန္ဒကို ထိတွေ့မိသည်နှင့် တစ်ပြိုင်နက်၊ သူသည် ထိုအလိုဆန္ဒသို့ မိမိကိုယ်ကို ပေါင်းစည်းဆက်နွှယ်ခဲ့သည် – ဒံ၊၉း၂–၃။

၂။ ဒံယေလသည် ဝတ်ပြုရာကျမ်းကို ဖတ်ပြီးသည့်နောက် သူသည် မသန့်ရှင်းသောအစားအစာကို မစားနိုင်တော့ပေ (ဒံ၊ ၁း၈–၂၁)။ သူသည် ယေရမိစာစောင်ကို ဖတ်ပြီးသည့်နောက်၊ အခြားဘာမျှမတတ်နိုင်တော့ဘဲ၊ ဘုရားသခင့်လူမျိုးတော်၏ ပြန်လည်ထူထောင်ခြင်းအတွက် အစာရှောင်၍ ဆုတောင်းခဲ့လေသည် (၂၉း၁၀–၁၄)။

ခ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝိညာဉ်၌၊ ဆုတောင်းခြင်းအခြေအနေ၌ ဖတ်ရမည်ဖြစ်ကာ၊ နှုတ်ကပတ်တော်ထဲမှ ဘုရားသခင်၏ အလိုဆန္ဒကို ထိတွေ့ရမည်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ထိုအလိုဆန္ဒသို့ ချက်ချင်းပေါင်းစည်းဆက်နွှယ်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသင့်ပြီး၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာသို့ ပေါင်းစည်းဆက်နွှယ်ခြင်း ရှိသင့်ပေသည် – ညွှန်း၊ ဆာ၊၁၁၉း၁၁၊ ၁၅–၁၆၊ ၁၃၃၊ ၁၄၀။ ၂ကော၊၆း၁၄–၁၈။

## IV. ဒံယေလသည် သာလွန်ထူးကဲသော ဝိညာဉ်ရှိသည့် ဆုတောင်းသောလူတစ်ဦး၊ ကောင်းကင်များ၏ နိုင်ငံတော် စစ်မှန်ခြင်း၊ ကောင်းကင်များ၏ အုပ်စိုးခြင်း၌ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်သောလူတစ်ဦးဖြစ်သည် – ဒံ၊ ၂း၁၇–၁၉၊ ၂၈။ ၆း၁၀။ ၉း၁–၄၊ ၁၇။ ၅း၁၂၊ ၁၄။ ၆း၃။ ၅း၂၂–၂၃။ ၄း၂၅–၂၆၊ ၃၂။

က။ ဒံယေလ၊၆ ၏ အလယ်ဗဟိုသည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် လူ၏ ဆုတောင်းချက်ဖြစ်သည်။ လူ၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ လှုပ်ရှားမှု ရှေ့ဆက်သွားနိုင်ရန် လမ်းခင်းပေးသည့် ရထားသံလမ်းကဲ့သို့ဖြစ်သည်။ ဆုတောင်းခြင်းမှလွဲ၍ ဘုရားသခင်၏ စီမံကိန်းကို ပြည့်ဝပြည့်စုံခြင်းအထဲသို့၊ ပြီးမြောက်ခြင်းအထဲသို့ ယူဆောင်လာနိုင်မည့် အခြားနည်းလမ်းမရှိပါ။ ဤအရာသည် ဤအခန်းကြီး၏ အတွင်းပိုင်းလျှို့ဝှက်ချက်ဖြစ်သည်။

ခ။ ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သည့် လူတစ်ဦး၏ အမြင့်မားဆုံး ထင်ရှားဖော်ပြချက်မှာ ဆုတောင်းခြင်း၌ဖြစ်သည်။ ဘုရားသခင်သည် မြေကြီးပေါ်၌ ကိုယ်တော်၏ စီမံကိန်းကို ကိုယ်တော်၏ သစ္စာရှိသော ဆုတောင်းခြင်းလမ်းကြောင်းများမှတစ်ဆင့် သယ်ဆောင်သွားသည် – မ၊၂၆း၄၁။ တ၊၆း၄။ ဧ၊၆း၁၇–၁၈။ ကော၊၄း၂။

ဂ။ ဆုတောင်းခြင်းသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ အသက်သွေးကြောဖြစ်သည်။ စာတန်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို နှောင့်ယှက်ရန် ကြိုးစားလေလေ၊ ကျွန်ုပ်တို့ပို၍ ဆုတောင်းသင့်လေလေဖြစ်သည် – ဒံ၊၆း၁၀၊ ညွှန်း၊ အငယ်၊၄–၉။

၁။ ဒံယေလသည် ဘုရားသခင့်ရှေ့တော်၌ အသက်ရှင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် လူမတတ်နိုင်သည့်အမှုကို ပြုရန် ဆုတောင်းခြင်းအပေါ် မှီခိုခဲ့သည်၊ သူသည် လူက နားမလည်နိုင်သည့်အရာကို နားလည်နိုင်ဖို့ရန် ဆုတောင်းခြင်းအပေါ် မှီခိုခဲ့သည် – ၂း၁၇–၁၉။ ၉း၁–၄။ ၁၀း၁–၃၊ ၁၁–၁၃။

၂။ ဒံယေလ၏ ဆုတောင်းခြင်းသည် မိမိအတွက်မဟုတ်ဘဲ၊ ဘုရားသခင်အတွက် အကြွင်းမဲ့ဖြစ်သည်။ ဆုတောင်းခြင်းမှတစ်ဆင့် သူသည် ဘုရားသခင်ကို အမြင့်မားဆုံး ပူးပေါင်းလုပ်ဆောင်ခြင်း ရှိနိုင်ခဲ့သည် – ၉း၂၁။ ယေ၊၂၅း၁၁။ ဒံ၊၉း၁၇။ ၁ဘုရင်၊၈း၄၈။

၃။ ဒံယေလသည် ဆုတောင်းသောလူတစ်ဦးဖြစ်သောကြောင့် သူသည် ဘုရားသခင်အားဖြင့် အသိအမှတ်ပြုခြင်း ခံရပြီး၊ ဘုရားသခင်က အသုံးပြုရန် အရည်အချင်းပြည့်မီကာ၊ ဘုရားသခင်၏ နက်နဲခြင်းကို ပြောထွက်ရန် တတ်စွမ်းနိုင်ခဲ့သည် – ညွှန်း၊ တ၊၆း၄။

၄။ ဒံယေလ၏ ဆုတောင်းခြင်းသည် အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ခဲ့သည်။ သူက ဘုရားသခင်အား ကိုယ်တော်ကိုယ်တိုင်အတွက် တစ်စုံတစ်ခုလုပ်ဆောင်ရန် တောင်းလျှောက်ခဲ့သည်။ သူက "ယခုမူကား၊ အကျွန်ုပ်တို့ဘုရားသခင်၊ ကိုယ်တော်၏ ကျွန်ပြုသော ဆုတောင်းခြင်းနှင့် သူ၏ အသနားခံတောင်းလျှောက်ခြင်းကို နားထောင်တော်မူပါ။ သခင်ဘုရား အဖို့အလို့ငှာ ဆိတ်ညံလျက်ရှိသော သန့်ရှင်းရာဌာနတော်အပေါ် မျက်နှာတော်ရောင်ခြည်ကို ထွန်းလင်းစေတော်မူပါ" ဟု ဆုတောင်းခဲ့သည် – ဒံ၊၉း၁၇။

၅။ ခေတ်ကိုပြောင်းလဲစေမည့် ဆုတောင်းခြင်းနှင့်အတူ စိတ်နှလုံးတစ်သံတစ်သမတ်တည်း ဘုရားသခင်ထံသို့ ဆုတောင်းသော ဒံယေလကဲ့သို့သော ပုဂ္ဂိုလ်သာလျှင် ကိုယ်တော်က ခေတ်ကို ပြောင်းလဲစေခြင်းငှာ အသုံးပြုနိုင်မည်ဖြစ်သည်။

## V. ဒံယေလသည် မာတုရဝိညာဉ်ရှိသည့် မိမိကိုယ်ကို ဆက်ကပ်ပူဇော်သည့် ပုဂ္ဂိုလ်ဖြစ်သည် – ၆း၁၀–၁၁။

က။ ဒံယေလ၏ အပေါင်းအဖော်များသည် မာတုရဝိညာဉ် အမှန်ပင် ရှိခဲ့ကြသည်။ သူတို့သည် တုနှိုင်းရာမဲ့သော ဘုရားသခင်ဖြစ်သည့် သခင်ဘုရားအတွက် ရပ်တည်ကြပြီး၊ မိမိတို့၏ အသက်ကိုပင် မငဲ့ဘဲ ရုပ်တုကိုးကွယ်ခြင်းအား ဆန့်ကျင်ခဲ့ကြကာ၊ နေဗုခဒ်နေဇာ၏ အမိန့်ဖြင့် လောင်မြိုက်နေသည့်မီးဖိုအထဲသို့ ပစ်ချခံရကြသည် – ၃း၁၉–၂၃။

ခ။ ဒံယေလသည် မိမိအသက်ကိုပင် ပမာနမထားဘဲ ဆုတောင်းခဲ့သည်။ ဝန်ကြီးများနှင့် ဘုရင်ခံများ၏ ရည်ရွယ်ချက်မှာ ဒံယေလကို ဖျက်ဆီးရန်ဖြစ်သည်၊ သို့သော် သူတို့၏နောက်ကွယ်မှ စာတန်၏ ရည်ရွယ်ချက်မှာ ဘုရားသခင်က ကိုယ်တော်၏စီမံကိန်း သယ်ဆောင်ခြင်းအတွက် အသုံးပြုသည့် ဆုတောင်းခြင်းလမ်းကြောင်းကို ဖြတ်တောက်ရန် ဖြစ်သည် – ၆း၄–၂၄။

ဂ။ ခေတ်ကို ပြောင်းလဲစေရန် ဘုရားသခင်အသုံးပြုသည့်သူတိုင်းသည် တစ်ခုတည်းသောအရာကို ကြောက်ရွံ့ကြသည်၊ ယင်းမှာ ဘုရားသခင်ကို ပြစ်မှားစော်ကားခြင်းနှင့် ကိုယ်တော်၏မျက်မှောက်တော်ကို ဆုံးရှုံးခြင်းပင်ဖြစ်သည် – ၃း၁၇–၁၈။ ၂ကော၊ ၅း၉–၁၀။ ညွှန်း၊ ဆာ၊၅၁း၁၁။ ယောရှု၊၇း၄။

## VI. ခေတ်ကို ပြောင်းလဲစေသည့် ဘုရားသခင်၏ ခေတ်ကာလဆိုင်ရာတန်ဆာပလာအဖြစ် ယနေ့၏ အောင်မြင်သောသူဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အချိန်ကို ရွေးနုတ်ရမည်ဖြစ်သည်။ ကောလောသဲ၊၄း၅ တွင် "အချိန်ကို ရွေးနုတ်ကြလော့" ဟု ပြောထားပြီး၊ ဧဖက်၊၅း၁၆ တွင် "အချိန်ကို ရွေးနုတ်ကြလော့"ဟု ပြောထားသည်။

က။ ဤစာကြောင်းများရှိ အချိန် ဟူသော စကားလုံးကို "အခွင့်အရေး"ကို ရွေးနုတ်ခြင်းဟု ဘာသာပြန်ဆိုနိုင်ပါသည်။ သခင်ဘုရားကို အစေခံရန် သင်ယူနေကြသည့် ကျွန်ုပ်တို့သည် ဦးခေါင်းတော်က ကျွန်ုပ်တို့အား ကိုယ်တော်၏လမ်းညွှန်ခြင်းသို့ ထုံထိုင်းသည်၊ ကိုယ်တော့်ဦးဆောင်မှုသို့ မတုန့်မလှုပ်ဖြစ်နေသည်ဟု ခံစားမိစေခြင်း မရှိသင့်ပေ။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အာရုံခံစားမှုနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအမြင်ဖြင့် အခွင့်အရေးများရောက်လာသည့်အခါတိုင်း အာရုံခံစားမိတတ်စေပြီး၊ ၎င်းတို့ကို ဆုပ်ကိုင်တတ်စေခြင်းငှာ သွန်သင်ကြပ်မတ်ပေးစေဖို့ အခွင့်ပေးရန် လိုအပ်သည်။

ခ။ သခင်ဘုရားက ကျွန်ုပ်တို့အဖို့ စီမံပေးထားသည့် နေ့ရက်များတွင် ယမန်နေ့သည် ကျွန်ုပ်တို့အသက်တာ၏ အကြီးမြတ်ဆုံးသောနေ့ ဖြစ်ကောင်းဖြစ်မည်၊ သို့သော် ကျွန်ုပ်တို့သည် ပြီးခဲ့သည့်ယမန်နေ့သည် သာမန်နည်းလမ်းဖြင့်သာ အသက်ရှင်ခဲ့ခြင်း ရှိကောင်းရှိနိုင်ပေသည်။ ဤသည်မှာ အခွင့်အရေးကို လွဲချော်သွားခြင်း၏ ဆိုလိုရင်းဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အဖို့ စီစဉ်ပေးထားခြင်း မရှိသည့် နေ့ရက်ဟူ၍ မရှိပါ။

ဂ။ သခင်ဘုရားက ကျွန်ုပ်တို့သည် သခင်ဘုရားအဖို့ အလွန်အသုံးဝင်ဖွယ်ရှိသည့် လူပုဂ္ဂိုလ်တစ်ဦးကို ရှာဖွေရန် စဉ်းစားမှုတစ်ခု ပေးကောင်းပေးမည် (ညွှန်း၊ တ၊၉း၁၀–၁၉။ ၂၂း၁၂–၁၆)၊ သို့သော် ထိုနေ့တွင် ကျွန်ုပ်တို့ မသွားပါ၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ရာသီဥတု ပူပြင်းလွန်းမည်ကို စိုးရွံ့ကြပြီး၊ ကျွန်ုပ်တို့အလွန် ပျင်းရိသောကြောင့်ဖြစ်သည်။

ဃ။ တစ်နေ့တွင် ကျွန်ုပ်တို့သည် သခင်ဘုရားကို မျက်နှာချင်းဆိုင်ရလိမ့်မည်။ ကျွန်ုပ်တို့၏ အသက်တာ၌ ယခု ကျေနပ်နှစ်သိမ့်မှုနှင့်အတူ မစပေးထားသည့် အရာများကို ကျွန်ုပ်တို့နောင်တရနေခြင်း ရှိကောင်းရှိနိုင်သည်။ များစွာသောအချိန်များတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော် လျော့ပါးနေပြီး၊ မိုက်မဲစွာ ပြုမူခဲ့ခြင်း ရှိခဲ့ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်ရန်၊ ခရစ်တော်ကြီးထွားစေရန်၊ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် သွင်ပြင်တိုင်း၌ ခရစ်တော်ကို တိုးပွားစေရန် သစ္စာမရှိခဲ့ကြပေ – ၂ကော၊၅း၁၀။ မ၊၂၅း၂၁–၂၃၊ ၂၅–၂၆။ ကော၊၁း၉–၁၀။ မ၊၇း၂၆။ ၂၅း၂–၃၊ ၈။

င။ ဒံယေလ၊၁၁း၃၂ခ တွင် "သို့သော် မိမိတို့ဘုရားသခင်ကို သိသောလူတို့မူကား၊ ခွန်အားတန်ခိုးကို ပြသ၍၊ ပြုမူလုပ်ဆောင်ခြင်း ရှိကြလိမ့်မည်"ဟု ပြောထားသည်။ ဤသည်မှာ ဘုရားသခင်၏လူတို့သည် အသစ်သောနယ်ပယ်များကို ဖွင့်လှစ်ခြင်းရှိလိမ့်မည်ဖြစ်ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို သိလေလေ၊ အခွင့်အရေးများကို ကျွန်ုပ်တို့အမိအရဆုပ်ကိုင်လေလေဖြစ်သည်။ ဘုရားသခင်ကို သိသောသူတို့သည် တစ်ရက်ပြီးတစ်ရက် ပုံမှန်လုပ်နေကျနည်းလမ်းအတိုင်း အသက်ရှင်ခြင်း ရှိတော့မည်မဟုတ်ပါ – ညွှန်း၊ တရား၊၄း၂၅ မှတ်စု။

စ။ "ဘုရားသခင်သည် ညီအစ်ကိုဝစ်နက်စ်လီ၏ အလုပ်ကို မည်မျှကောင်းချီးပေးခဲ့ကြောင်း ကျွန်ုပ်တို့မြင်ခဲ့ပြီ။ သူ၏ အခိုင်မာဆုံးသောအချက် သူသည် မည်သည့်အခွင့်အရေးကိုမျှ လွတ်ချော်သွားခွင့် မပြုခဲ့ခြင်းဖြစ်သည်။ သူသည် အခွင့်အရေးတစ်ခုကို ဆုံးရှုံးခဲ့ကြောင်း မြင်တွေ့ရန် ခက်ခဲသည်။ အခွင့်အရေးထွက်ပေါ်သည်နှင့် တစ်ပြိုက် သူသည် ၎င်းကို အမိအရဆုပ်ကိုင်ခဲ့သည်" – ၁၉၅၀ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ ညီအစ်ကို ဝေါ့ချ်မဲန်းနီး၏ ပြောဆိုချက်။ (*The Collected Works of Watchman Nee,* vol. 55, p. 199)

ဆ။ ကျွန်ုပ်တို့၏ အစေခံခြင်းသည် ဘုရားသခင်၏ အလိုဆန္ဒအတိုင်း ဖြစ်လျှင်၊ တစ်နေ့သည် များစွာသောနေ့ရက်များနှင့် ညီမျှလိမ့်မည်၊ သို့သော် ဘုရားသခင့်အလိုတော်၏ ပြင်ပတွင် အသုံးပြုခဲ့သည့် နေ့ရက်များသည် ရေတွက်မခံရပါ။ ဘုရားသခင့်နိုင်ငံတော်၏ ပြင်ပတွင် မည်သည့်လူသားဖြစ်ခြင်းမျှ ဘုရားသခင်အားဖြင့် အသုံးပြုခံရခြင်း မရှိပါ (မ၊၂၀း၆–၇)။ နေဗုခဒ်နေဇာသည် မိမိ၏ကိုယ်ပိုင်အလုပ်ဖြင့် ကျေနပ်မှုရှိနေခဲ့သည် (ဒံ၊၄း၃၀၊ ၃၇ခ)၊ – ဤသည်မှာ ဗာဗုလုန်၏ အလေ့အလာဖြစ်သည်။

ဇ။ မည်သို့ပင်ဆိုစေ၊ ကိုယ်တော်၏နှစ်သိမ့်ပေးခြင်း စကားတော်၊ ယောလ၊၂း၂၅ ရှိစကားတော်အတွက် သခင်ဘုရားကို ကျေးဇူးတင်ပါသည်၊ – ကျိုင်းအုပ် စားခဲ့သော နှစ်ပေါင်းကာလများကို ကျွန်ုပ်တို့ထံ ပြန်ပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏

နေ့ရက်များကို ဖြုန်းတီးခဲ့မည်ဆိုလျှင်၊ နှစ်ပေါင်းဆယ်နှစ်သည် တစ်ရက်နှင့် ညီမျှလိမ့်မည်၊ သို့သော် ကျွန်ုပ်တို့သည် အချိန်ကို ရွေးနှုတ်မည်ဆိုလျှင် တစ်ရက်သည် နှစ်ပေါင်းဆယ်နှစ်နှင့် ညီမျှပေလိမ့်မည်။

စ။ ဆာလံ၉၀း၁၂ တွင် "အကျွန်ုပ်တို့သည် ပညာ၏စိတ်နှလုံးကို ရယူနိုင်ပါမည်အကြောင်း၊ ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်ခြင်းငှာ သွန်သင်တော်မူပါ"ဟု ပြောထားပြီး၊ ၈၄း၁၀ တွင် "ဌာနတော်များ၌နေသော တစ်ရက်သည် *ရက်ပေါင်း* တစ်ထောင်ထက် သာ၍ ကောင်းပါ၏"ဟု ပြောထားသည်။ ကောင်းကင်ရှိ နေ့ရက်များသည် နှစ်ဆယ့်လေးနာရီစက်ဝန်း အားဖြင့် ရေတွက်ခြင်း မဟုတ်ပါ။ ဘုရားသခင်၌ နေ့ရက်များကို ရေတွက်ခြင်း၏ ခြားနားသောနည်းလမ်းရှိသည်။

**VII. ယနေ့ ရှင်သန်နိုးကြားခြင်းရှိလာရန် နည်းလမ်းသည် အောင်မြင်သောသူဖြစ်ရန် သခင်ဘုရား၏ခေါ်ခြင်းကို အဖြေပေးရန်ဖြစ်သည်။ အောင်မြင်သောသူသည် ရှင်သန်နိုးကြားသောသူဖြစ်ပြီး၊ ရှင်သန်နိုးကြားသောသူ (ရှင်သန်နေပြီး လှုပ်ရှားတက်ကြွသောသူ) သည် ဆုတောင်းသောသူပင်ဖြစ်သည် – ၁၃၉း၈၈၊ ၁၅၉။ ဒံ၊၁၁း၃၂ခ။**

က။ အသစ်သောအုပ်စုများကို ဖွဲ့စည်းဖြစ်တည်စေခြင်း၌ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အောင်မြင်သောသူများ အုပ်စုများကို ရရှိရန်ဖြစ်သည်။ ဤအကြောင်းကြောင့် ထိုအုပ်စုများကို "နိုးကြားသောအုပ်စုများ"ဟု ခေါ် ရခြင်းဖြစ်သည်။ အချိန်ပြည့်သင်တန်းကျောင်းသည်လည်း အောင်မြင်သောသူများကို ထုတ်လုပ်ရန်အတွက်ဖြစ်ပြီး၊ ထိုသူတို့သည် သာဒိမြို့၏ သေခြင်း (ဗျာ၊၃း၁)၊ လောဒိကိ၏ မပူမအေးဖြစ်ခြင်း (အငယ်၊၁၅–၁၆) နှင့် စပျစ်နွယ်ပင်နှင့် အကိုင်းအခက်များနှင့်စပ်လျဉ်း၍ ယောဟန်၊၁၅ တွင် သခင်ဘုရားဆက်ဆံဖြေရှင်းပေးခဲ့သည့် အသီးမသီးဘဲ မြုံနေခြင်းတို့ကို အောင်မြင်ရန် စိတ်အားထက်သန်သောသူများ ဖြစ်ကြသည်။

ခ။ ကျွန်ုပ်တို့သည် ရှင်သန်နိုးကြားခြင်း ရှိလိုလျှင်၊ သခင်ဘုရားနှင့် ရှာဖွေသော သန့်ရှင်းသူများနှင့်အတူ နီးကပ်သော၊ ရင်းနှီးကျွမ်းဝင်သော၊ လုံးလုံးလျားလျားဖြစ်သော မိတ်သဟာယဖွဲ့ခြင်း ရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ဒံယေလနှင့် သူ၏ အပေါင်းအဖော်များကဲ့သို့၊ သခင်ဘုရားထံသို့ ကျွန်ုပ်တို့အတူ အားထုတ်လုပ်ဆောင်နိုင်မည့် အပေါင်းအဖော်အချို့ထံသို့ ဦးဆောင်ပေးရန် တောင်းလျှောက်ဖို့ လိုအပ်သည် – ဒံ၊၁း၆။

ဂ။ (ယေရုရှလင်မြို့အားဖြင့် ပုံဆောင်ထားသည့်) ယနေ့၏ အသင်းတော်အသက်တာအတွင်း၌ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အောင်မြင်သောသူများ (ဇိအုန်အားဖြင့် ပုံဆောင်ခြင်း) ဖြစ်ရမည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရား၏ခေါ်ခြင်းအတိုင်း အောင်မြင်သောသူများ၏ ခေတ်၌ ရှိခြင်းဖြစ်သည် (ဗျာ၊၂း၇၊ ၁၁၊ ၁၇၊ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၀–၂၁။ ၂၁း၇)။ အသင်းတော် အသက်တာ၌ ရှိခြင်းမှာ အရာတစ်ခုဖြစ်၍၊ အသင်းတော်အသက်တာ၌ အောင်မြင်သောသူဖြစ်ခြင်းမှာ အခြားအရာတစ်ခု ဖြစ်သည် (၁၄း၁–၅)။

ဃ။ ကျွန်ုပ်တို့သည် အောင်မြင်သောသူများ၊ ရှင်သန်နိုးကြားသောသူများဖြစ်ရန် စိတ်ပြဋ္ဌာန်းခြင်းပြုရမည်ဖြစ်သည်။ အောင်မြင်သောသူသည် ခရစ်တော်ကို အစားထိုးသော သို့မဟုတ် ခရစ်တော်ကို ဆန့်ကျင်သော မည်သည့်အရာကိုမဆို အောင်မြင်သော သူဖြစ်သည် – သူကြီး၊၅း၁၅–၁၆။ ၁ယော၊၂း၁၀–၂၀၊ ၂၇။

**VIII. ယနေ့၏ အောင်မြင်သောသူများအဖြစ် ကျွန်ုပ်တို့သည် ဣသခါ၏သားများကဲ့သို့ ဖြစ်ရန်၊ "ကာလအချိန်တို့ကို နားလည်၍ အစ္စရေးအမျိုးသည် အဘယ်သို့ပြုသင့်သည်ကို သိတတ်သောသူများ"ဖြစ်ရန် လိုအပ်သည် (၁ရာ၊ ၁၂း၃၂က)။ နောက်စာမျက်နှာတွင် ညီအစ်ကိုလီ၏ လက်တွေ့ယူဆောင်ဖွယ်ရာ အတွေ့အကြုံကို ကြည့်ပါ။**

ချီဖူးမြို့၌ နိုးကြားခြင်းမတိုင်မီက ဂျပန်လူမျိုးတို့သည် တရုတ်ပြည်ကို ကျူးကျော်ဝင်ရောက်ပြီး၊ စားဝတ်နေရေး ခက်ခဲနေပြီးသော တရုတ်ပြည်၌ အသက်ရှင်ကြပြီး၊ စားဝတ်နေရေးပို၍ ခက်ခဲစေကြသောအခါ၊ ညီအစ်ကိုလီသည် ၁၉၄၂ ခုနှစ် ချီဖူးမြို့၌ အောက်ဖော်ပြပါ သူ၏ကိုယ်ပိုင်မှတ်စုကို ရေးသားခဲ့သည်။

မြေကြီးပေါ်၌ရှိ လူများသည် ဘေးဒုက္ခကို ခံစားကြရပြီး၊ အသင်းတော်များသည် အခက်အခဲတွေ့ကြုံနေရသည်။ ဤအရာသည် ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒ ခေတ်ကာလမဟုတ်ဘဲ၊ ဘုရားသခင့်လုပ်ငန်းစဉ်၏ ခေတ်ကာလဖြစ်သည်။ ဘုရားသခင်သည် သူ၏စိတ်နှလုံးတော် အလိုဆန္ဒကို ပြီးပြည့်စုံစေရန် သူ၏လုပ်ငန်းစဉ်ကို အသုံးပြုနေသည်။ လုပ်ငန်းစဉ်ခေတ်ကာလမှ ဘုရားသခင့်စိတ်နှလုံးတော် အလိုဆန္ဒခေတ်သို့ ပြောင်းလဲရန်အတွက် လူသည် ခေတ်ကို ပြောင်းလဲစေသော ဆုတောင်းချက်ကို ဆုတောင်းရမည်။ ဒံယေလသည် ထိုသို့သောလူတစ်ဦးဖြစ်သည်

မြေကြီးသည် ဘေးဒုက္ခများကို တွေ့ကြုံနေရခြင်းမှာ မြေကြီးပေါ်ရှိလူများသည် ဘုရားသခင်ကို အလိုမရှိကြ၊ ဘုရားသခင့်အရေးကိစ္စများအတွက် ဂရုမစိုက်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသူများသည် ဘေးဒုက္ခကာလကို အဆုံးသတ်စေရန် ဆုတောင်းမည်ဆိုလျှင်၊ သူတို့သည် ဘုရားသခင်၏တောင်းဆိုချက်များကို အဖြေပေးပြီး၊ ကိုယ်တော်၏လိုအပ်ချက်များကို ဂရုစိုက်ရမည်ဖြစ်သည်။ အို၊ ယနေ့ ဤများလှစွာသော ဘေးဒုက္ခများသည် ကျွန်ုပ်တို့အား မြေကြီးထံသို့ အသက်မရှင်တော့ရန် နှိုးဆော်ခြင်း ဖြစ်ပါစေသော။ အို၊ ယနေ့ ကျွန်ုပ်တို့သည် အသင်းတော်၏ကိုယ်စား ဘုရားသခင်၏တောင်းဆိုချက်များကို အဖြေပေးရန် ကျွန်ုပ်တို့ကိုယ်ကို အမှန်ပင် ဆက်ကပ်အပ်နှံသင့်ပါသည်၊ သို့မှသာ ဘုရားသခင်သည် ဤလုပ်ငန်းစဉ်ခေတ်ကာလမှ ကိုယ်တော့်စိတ်နှလုံးအလိုဆန္ဒ ခေတ်ကာလအထဲသို့ ပြောင်းလဲရန် ဝင်ရောက်လာခြင်းငှာ နည်းလမ်းရရှိနိုင်မည်ဖြစ်သည်။ (*The Collected Works of Witness Lee, 1932–1949,* vol. 2, p. 27)

© 2020 Living Stream Ministry